၂၀၂၀ခုနှစ် ဇွန်လ ၂၆ရက်

(၂၀၂၂ခုနှစ် အောက်တိုဘာလ ၇ ရက် တွင်မွမ်းမံသည်)

လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်ရေးရာစီမံခန့်ခွဲရေးဌာန

**ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြည်လည်ပြည်ဝင်ခွင့် အကျုံးဝင်ကာလအတွင်း ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ရန် ခက်ခဲနေသော အမြဲနေထိုင်သူများသို့**

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြည်လည်ပြည်ဝင်ခွင့် သို့မဟုတ် ယာယီပြည်လည်ပြည်ဝင်ခွင့် အကျုံးဝင်ကာလအတွင်း ဂျပန်နိုင်ငံသို့ ပြည်လည်ဝင်ရောက်ရန် ခက်ခဲနေသော အမြဲနေထိုင်သူများသည် အောက်ပါ နည်းလမ်းများအတိုင်း ပြည်လည်ဝင်ရောက် နိုင်မည်

(*1) ဖြစ်၍ နေထိုင်နေဆဲနေရာမှ ဂျပန်နိုင်ငံသံရုံး ကောင်စစ်ဝန်ချုပ်နှင့် ဆွေးနွေးပါ။

① ပြည်လည်ပြည်ဝင်ခွင့် အကျုံးဝင်ကာလ သက်တမ်းလွန်နေခြင်း သို့မဟုတ် အကျုံးဝင်ကာလအတွင်း ဂျပန်နိုင်ငံသို့ ပြည်လည်ဝင်ရောက်ရန် ခက်ခဲနေပါက

နေထိုင်နေဆဲနေရာမှ ဂျပန်နိုင်ငံသံရုံး ကောင်စစ်ဝန်ချုပ်ထံတွင် ပြည်လည်ပြည်ဝင်ခွင့် အကျုံးဝင်ကာလကို သက်တမ်းတိုးနိုင်သည်။

[ တိုးနိုင်သော သက်တမ်းကာလမှာ အကျုံးဝင်ကာလ သက်တမ်းကုန်သည့်ရက်မှ အကြာဆုံး ၁နှစ်ဖြစ်သည်။ ]

ပြည်လည်ပြည်ဝင်ခွင့် အကျုံးဝင်ကာလကို သက်တမ်းတိုးနိုင်ခဲ့ပါက၊ အသစ်ရရှိသော အကျုံးဝင်ကာလအတွင်း ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ပါ။ သက်တမ်းမတိုးနိုင်ခဲ့ပါက ② မှ နည်းလမ်းများဖြင့် ပြန်လည်ဝင်ရောက်ပါ။

② ယာယီပြည်လည်ပြည်ဝင်ခွင့် အကျုံးဝင်ကာလ သက်တမ်းလွန်နေပါက (① မှ နည်းလမ်းများ မလုပ်နိုင်သောအခါကို ထည့်တွက်သည်။)

[ ပြန်လည်ပြည်ဝင်ခွင့် (သို့) ယာယီပြန်လည်ပြည်ဝင်ခွင့် အကျုံးဝင်ကာလ သက်တမ်းကုန်သည့်ရက်မှာ ၂၀၂၀ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှ ၂၀၂၃ ခုနှစ် ဧပြီလ ၃၀ ရက် အတွင်းဖြစ်ပြီး ၎င်းသည် နိုင်ငံခြားသားများ အားလုံးအတွက် အကျုံးဝင်ပါသည်။ ]

ကျေးဇူးပြု၍ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့ နောက်ဆုံးထားပြီး နေထိုင်နေဆဲနေရာမှ ဂျပန်နိုင်ငံသံရုံး ကောင်စစ်ဝန်ချုပ်ထံတွင် "ရေရှည်နေထိုင်သူ" ဗီဇာကို လျှောက်ထားပါ။

ဗီဇာရရှိပါက ဂျပန်သို့ပြန်လည် ဝင်ရောက်ချိန်တွင် ဂျပန်နိုင်ငံလေဆိပ်တွင် "အမြဲနေထိုင်သူများ" အဖြစ် အသစ်တစ်ဖန် ပြည်ဝင်ရန် လုပ်ဆောင်သင့်သည်များ လုပ်နိုင်မည်။

*၁ လုပ်ထုံးလုပ်နည်း ① နှင့် ② အတွက် လိုအပ်သော စာရွက်စာတမ်းများအတွက် အောက်ပါ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ်တွင် ဝင်ရောက်ကြည့်ရှုပါ။

https://www.mofa.go.jp/about/emb_cons/mofaserv.html

(နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ်ကို ဖွင့်ပါ)

*၂ အောက်ဖော်ပြပါ လုပ်ထုံးလုပ်နည်း ① (သို့) ② အရ "အမြဲနေထိုင်သူများ" မှလွဲ၍ ဤလုပ်ထုံးလုပ်နည်းကို မလုပ်ဘဲ အခြားနေထိုင်မှုအခြေအနေဖြင့် ဂျပန်နိုင်ငံသို့ ဝင်ရောက်လာပါက၊ အကယ်၍ နိုင်ငံခြားသားသည် ဂျပန်နိုင်ငံသို့ ဝင်ရောက်ပြီး ၆ လအတွင်း အမြဲတမ်းနေထိုင်ခွင့်လျှောက်ထားပါက၊ လျှောက်ထားသူသည် တင်ပြထားသော အမြဲနေထိုင်ခွင့် လျှောက်လွှာ၊ အသနားခံစာ (နောက်ဖောင်ပုံစံ တစ်မျိုးဖြင့် သီးခြားစီစဉ်ပေးထားသည်) နှင့် ယခင်နေထိုင်ခွင့်ကတ် မိတ္တူတို့ကို အခြေခံ၍ စစ်ဆေးပါသည်။ (လိုအပ်ပါက အခြား စာရွက်စာတမ်းများလည်း တောင်းခံပါမည်။)

① နိုင်ငံခြားသားသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထားသည့် ဗီဇာ တရားဝင်သက်တမ်းအတွင်း "အမြဲနေထိုင်သူများ" မှလွဲ၍ အခြားနေထိုင်မှုအခြေအနေဖြင့် ဂျပန်နိုင်ငံသို့ ဝင်ရောက်မည်ဆိုပါက၊

② နိုင်ငံခြားသားသည် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ မတိုင်မီ ဗီဇာမပါဘဲ၊ "အမြဲနေထိုင်သူများ" မှလွဲ၍ အခြားနေထိုင်မှုအခြေအနေဖြင့် ဂျပန်နိုင်ငံသို့ ဝင်ရောက်မည်ဆိုပါက အထက်ပါလမ်းညွှန်ချက်ကို ကြည့်ပါ။

သို့သော်လည်း ဂျပန်နိုင်ငံသို့ ဝင်ရောက်ချိန် အမြဲနေထိုင်ခွင့်ရရှိဖို့ လူတစ်ဦးလျှင် ယန်း ၈၀၀၀ ကောက်ခံမှာဖြစ်ကြောင်း ကျေးဇူးပြု၍ သတိပြုပါ။

ဂျပန်နိုင်ငံသို့ဝင်ရောက်ပြီး ၆ လကျော် အမြဲနေထိုင်ခွင့် လျှောက်လွှာတင်ပါက၊ ပုံမှန် အမြဲနေထိုင်ခွင့် လျှောက်လွှာများအတွက် လိုအပ်သည့် အထပ်ပါတူညီသော စာရွက်စာတမ်းများကို တင်သွင်းရန်လိုအပ်ပါသည်။

အမြဲနေထိုင်ခွင့် လက်မှတ်ရရှိပြီး နှစ်/လမှ နှစ်ရှည်နေထိုင်သည့် နိုင်ငံခြားသားတစ်ဦးသည် အမြဲနေထိုင်ခွင့် လက်မှတ် ရရှိပြီးနောက် နေထိုင်ရာဒေသ၏ အုပ်ချုပ်ရေးရုံး (သို့) မြို့တော်ခန်းမထံသို့ အကြောင်းကြားရန် လိုအပ်ပါသည်။